# ရက္ခိုင်စကားပြင် ကျောက်စာတချပ်

ရက္ခိုင်စာပီတွင် ရတု၊ ဘွဲ့၊ ခြင်း၊ သာခြင်း၊ ပျို့၊ ကဗျာ၊ လင်္ကာ၊ မော်ကွန်းရို့ အများကြီးဟိသည့်ပိုင်ယှောင် ရက္ခိုင်စကားပြင် အရွီးအသားဖြင့် ရွီးထားသော ဇာတ်တော်များ၊ နိပါတ်တော်များ၊ ကျောက်စာ၊ မော်ကွန်းများလည်းဟိပါသည်။ ရက္ခိုင်ရို့တွင် မြန်မာရို့က 'စကားပြေ'ဟု ခေါ်သော ကဗျာလင်္ကာကဲ့သို့ ကာရန်ယူရန်မလိုသော အစီအကုံးမျိုးကို 'စကားပြင်'ဟု ခေါ်ကြောင်း လူကြီးသူမများ ပြောစကားကို ကြားဖူးပါသည်။

သို့သော် ယခုအခါ၌မူ မြန်မာစာပီနှင့် အက္ခရာအရေးအနှောဟိလာသည်က တကြောင်း၊ ကိုယ်ရို့ ရခိုင်စာပီကဏ္ဍကို သမိုင်းဝင်မသုံးနိုင်သည်က တကြောင်း၊ ထို့ကြောင့် 'စကားပြင်'ဟု မခေါ်ကတ်ဘဲ စကားပြေဟုပင် ပြောလေ့ဟိလာပါသည်။

ရက္ခိုင်ရှိမူအရ ပြောသောစကားရို့ကို အကျွန်ုပ်ရို့သည် ကိုယ်ရို့စာပီအတွက် ခိုင်မာစွာ ဘောင်သတ်မြှင့်တင်လာအောင် ပြန်၍သုံးနိုင်အောင် ကြိုးစားရမည်ဖြစ်ပါသည်။

ထို့ပြင် အကျွန်ုပ်ရို့ ရက္ခိုင်ယဉ်ကျေးမှုတွင် အမျိုးခြားရို့ စာပီယဉ်ကျေးမှု အများကြီး ဝင်ရောက်ရောနှောလျှက် ဟိနီသိမ့်မည်ဖြစ်ပါသည်။ (၁၃၂၃) ခု၊ ဒုတိယတန်ခူးလထုတ် (၁၉၆၁–ခု၊ မေလထုတ်) ခေတ်ရှိဆောင်စာစောင် အတွဲ (၁)၊ အမှတ် (၂)၊ စာမျက်နှာ (၅) တွင် မောင်တန်သျှင်ရွီးသော 'ဖောက်ပြန်နီသော ရခိုင်စကားအချို့' ဆောင်းပါး၌ ဖော်ပြထားသကဲ့သို့ ရခိုင်စကားပြော လောကတွင် ဖောက်ပြန်နီသော စကားများဟိလာရာ အကျွန်ုပ်ရို့အဖို့ ယင်းသို့သော စကားများကို ရှာ၍စီးစစ်ကာ ပယ်ထုတ်သင့်က ပယ်ထုတ်ပစ်ရမည်ဖြစ်ပါသည်။

တဆက်တည်း၌ ထိုသို့ ပစ်လိုက်သောနီရာတွင် 'မူမှန်သောစကားများကို အစားထိုးရမည်ဖြစ်ပါသည်။ သို့သော် စာပီနယ်မြီကျယ်ပြန့်လာစီရန်အတွက် သိမ်းသွင်းရန်လိုအပ်မည့် စကားများကိုမူ ဆင်ဆင်ခြင်ခြင် စဉ်းစား၍ လက်ခံသိမ်းယူရမည်ဖြစ်ပါသည်။

ယခု အကျွန်ုပ်တင်ပြမည့် ရက္ခိုင်စကားပြင် ကျောက်စာမှာ မြောက်ဦးခေတ် အလယ်ပိုင်း၌ ရွီးထိုးထားခသော ကျောက်စာတချပ်ဖြစ်ပါသည်။ ယင်းကျောက်စာတွင် ရွီးထွင်းထားသော အက္ခရာပုံစံမှာ ယခုခေတ်တွင်သုံးနီသော ရက္ခိုင်အက္ခရာပုံစံဘက်သို့ တရက်ထက်တရက်၊ တနိထက်တနိ ပြောင်းနီတုန်းကာလဖြစ်ပါသည်။ (ရ၊ န၊ အ၊ စ) စသော အက္ခရာတလုံးနှစ်လုံးမှလွဲ၍ ကျန်အက္ခရာများမှာ အခုခေတ်သုံးအက္ခရာနှင့် တူနီပြီဟု ဆိုနိုင်ပြီဖြစ်သည်။

ကျောက်စာ၏စကားပြင် အရွီးအသားကို မူရင်းအတိုင်းတင်ပြဆိုလျှင် ဤကဲ့သို့ဖြစ်ပေသည်။

(သက္ကရာဇ် ၁၉၅၅ ခု တပို့တွဲလဆန်း ငါးရက် ၄ နိ နရာဓိပတိ ရွှေနန်းသျှင် မိန့်တော်မူသော ဝါဆိုဝ်လတွင် အလိုတော်ပြည့်မည်ဟူ၍ ဆိုသည်မှန်သောကြောင့် ပုဏ္ဏာမဏိခေါတ်ကို ကင်ပြင်ရွာတွင် ဟိန်ဒုသော ရောနှောမောအဝင် ၅ သျှည်း ၃ ပဝါ လှူတော်ပြုသည် လယ်ကို သာစိုင်မြီဆက်စာစီဟူ၍ ကိပဲထာသည်၊ ရှိတော်ခံ ငရှုအ ငရဲနှစ်ယောက် အသံချသည် သံကျသံပေါက်ထက်ပြင် အတောင်အမှက်မယူ ပီ၏)

ထိုမူရင်းကို ရက္ခိုင်စကားပြင်ဖြင့် တဖန်ဖော်ပြရမည်ဆိုလျှင် (သက္ကရာဇ် ၆၅၅ ခု၊ တပို့တွဲလဆန်း ငါးရက် ၄ နိ၊ နရာဓိပတိ ရွှေနန်းသျှင်မိန့်တော်မူသော ဝါဆိုလတွင် အလိုတော်ပြည့်မည်ဟု ဆိုသည်မှန်သောကြောင့် ပုဏ္ဏားမဏိခတ်ကို ကင်းပြင်ရွာတွင် ဟိန်ဒူသော ရောမောနှောအဝင် ၅ သျှည်း၊

၃ ပဝါ လှူတော်ပြုသည်။ လယ်ကို သားစိုင်မြီးဆက်စားစီဟူ၍ ကမ္ပည်းထားသည်။ ရှိတော်ခံ ငရှူအာ၊ ငရဲ နှစ်ယောက်အသံချသည်။ သံကျအပေါက်ထက်ပြင် အတောင်းအမှက်မယူ ပီး၏) ဟူ၍ ဖြစ်ပါသည်။

စာအရှီးအသားမှာ ရက္ခိုင်စကား၊ ရက္ခိုင်အက္ခရာဖြစ်သည်။ 'သားစိုင်မြီးဆက် စားစီ' ဟူ၍ 'အတောင်းအမှက်မယူ ပီး၏' စသည်ဖြင့် ရက္ခိုင်အသုံးအနှုန်း၊ ရက္ခိုင်မှု မှန်မှန်ရှီးထားသော အရှီးအသားဖြစ်သည်။

ဤကျောက်စာကို ၁၉၅၂–၅၃ ခုထုတ် ရခိုင်တန်ဆောင်မဂ္ဂဇင်း၌ မြောက်ဦးမြို့ ကျောက်စာပညာဟိ ဆရာကြီးဦးသာထွန်းက ဆောင်းပါးရှီး၍ တင်ပြဖူးပါသည်။ ယင်းဆောင်းပါးတွင် ဤကျောက်စာကို 'နရာဓိပတိမော်ကွန်း' ဟု နာမည်ပီးထားပါသည်။

ဤမော်ကွန်း၏အဓိပ္ပာယ်မှာ သက္ကရာဇ် ၉၅၅ ခုနှစ်၊ ဘဝသျှင် နရာဓိပတိ မင်းဖလောင်းကြီးသည် ပုဏ္ဏားမဏိဓေါတ် ပုရောဟိတ် ဟောကြားချက်အတိုင်း ဝါဆိုလတွင် အလိုတော်ပြည့်သဖြင့် ပုရောဟိတ်အား ကင်းပြင်ရွာတွင် လယ်အပိုင်စားပီးသည်။ ပုဏ္ဏားအားပီးသောလယ်ကို ပုဏ္ဏား၏သားစိုင်မြီးဆက်တိုင်အောင် စားစီရမည်။ လယ်မှရသော ကောက်ပဲသီးနှံရို့ကိုလည်း ရှိတော်ခံ သူရဲငရှူအာ၊ ငရဲ။နှစ်ယောက်က ကောက်ခံ၍ ပုဏ္ဏားအားအပ်ရမည်။ ထိုသူရဲ ရှိတော်ခံနှစ်ယောက်သည် သံတော်ချသည့်ထက်အပြင် တခြားအတောင်းအမှတ် လာဘ်စားခြင်း၊ တံစိုးလက်ဆောင်ယူခြင်း မလုပ်ရ) ဟု အမိန့်ထုတ်ထားခြင်းကို ရှီးထိုးထားသော မော်ကွန်းကျောက်စာဖြစ်သည်။

ဤကျောက်စာကို လေ့လာခြင်းအားဖြင့် ရက္ခိုင်သက္ကရာဇ် ၉၅၅ ခု၊ မြောက်ဦးခေတ် အလယ်ပိုင်းကာလက ရက္ခိုင်စာကို အခိုင်အမာသုံးလျက်ဟိကြောင်း၊ အက္ခရာပုံစံမှာလည်း အခုခေတ်သုံး ရက္ခိုင်အက္ခရာနှင့် အလွန်တူနီပြီးဖြစ်ကြောင်း၊ အခုခေတ်သုံး ရက္ခိုင်အက္ခရာမှာ ယင်းအက္ခရာမှ ပြောင်းလာသော အက္ခရာဖြစ်ကြောင်းကို သိနိုင်မည်ဖြစ်ပါသည်။

ထိုမှ တဆက်တည်း အခုခေတ်သုံးအက္ခရာမှာ ရှိရက္ခိုင်အဖူအဘာကပင် သုံးလာလတ်သော ရက္ခိုင်စာပီအက္ခရာ ဖြစ်ကြောင်းသိနိုင်ပါသည်။

(ဥက္ကာမင်းညို)

မှတ်ချက်။ ။ ဤဆောင်းပါးကို ခေတ်ရှိဆောင်စာစောင် (အတွဲ–၁၊ အမှတ် (၃)၊ ၁၉၆၁–ခု ဇွန်လ) တွင် ဖော်ပြဖူးပါသည်။

မှတ်ချက်။ ။ဤကျောက်စာကိုလေ့လာကြည့်ခြင်းဖြင့် (နီ) လား (နေ့) လား၊ (ပီး) လား (ပေး) လားဆိုသည်ကို အတိအကျ လေ့လာတွိသိနိုင်ပါသည်။

'ရခိုင်ပြည် သီးခြားလွတ်လပ်ရေး' ဟု အာခေါင်ကွဲအောင် ကျွီးအော်နီပြီး ကိုယ့်ရခိုင် (နီ) (ပီး) (လား) (တွိ) (သွီး) (မွီး) (ဝီး) (အီး) စသည်ဖြင့် ကိုယ်ပိုင်ရခိုင်ဝေါဟာရများဟိပါလျှက်သားနှင့် ယောက်ဖစကားဖြစ်သော (နေ့) (ပေး) (သွား) (တွေ့) (သွေး) (မွေး) (ဝေး) (အေး) စသည်ဖြင့် ယောက်ဖဝေါဟာရများဖြင့် ရှီးထားသောစာကိုပင်လျှင် ရခိုင်စာဟု အသျှင်ခံကာ အရှက်မဟိ ခိုးယူသုံးစွဲနီသူ (ဂေါင်းကွဲ ထိပ်ပေါက်) များကို လမ်းတိုင်းကြောင်းတိုင်းမှာ မျက်နှာပြာပြာ အော့အံချင်စရာ မြင်တွိနီရပါသည်။ တိုင်းပြည်နှင့်လူမျိုးကို ရောင်းစားလို့ ခြီခန့်သိမ့်လား ဂေါင်းကွဲ ထိပ်ပေါက်များ။